- စကားဦး ၁၇
- ကဗျာပေါင်းချုပ်နှင့် သမိုင်းခေတ် ၁၉
- အလင်္ကာစာအုပ် (နိုဝင်ဘာ ၁၉၆၂) ကဗျာရေးသူ၏ အမှာစာ ၂၄
- မာယာစာအုပ် (အောက်တိုဘာ ၁၉၉၁) ကဗျာရေးသူ၏ အမှာစာ ၂၆
- ကဗျာပေါင်းချုပ် (ဇန်နဝါရီ ၂၀၀၅) ကဗျာရေးသူ၏ အမှာစာ ၂၉
- ဒဂုန်တာရာ၏ လက်ရေးမူကဗျာများ

ရှေးဦးကဗျာများ

၁။ တို့ဗမာအကြောင်း ရတုပိုဒ်စုံ (၅၁) ပဒစီ ၃၅
၂။ သင်္ကြန်တော် နှစ်ကူး၊ အထူး မဟာဒဂုန် မဂ္ဂဇင်းကြီးဘွဲ့
မင်္ဂလာသြဘာ ရတုပိုဒ်စုံ ၃၇
၃။ မေဃဝန် ၃၉
၄။ သောင်ငွေဖြူ ၄၀
၅။ မဟာဒဂုန် မဂ္ဂဇင်းကြီးဘွဲ့ ထုတိသြဘာ မင်္ဂလာ (၈၀) ပေါ်တေးထပ် ၄၁
၆။ ငွေယုဂန် ၄၂
၇။ ၁၆ နှစ်စေ့ရောက်၊ ၁၇ နှစ်မြောက် အထူးထုတ်ဝေအပ်သော နှစ်လည်
မဟာဒဂုန် မဂ္ဂဇင်းကြီးဘွဲ့ ထုတိသြဘာ မင်္ဂလာဧချင်း ၄၃
၈။ အလှဘွဲ့ တေးထပ် ၄၇
၉။ ယမုန်နာ ၄၈
၁၀။ ခင်ယောဂီ ငှဲ့ ၄၉
၁၁။ ကဆုန်လဆန်း (၄) ရက်နေ့တွင် ကျင်းပသော ကျိုက်လတ်မြို့ဒုလ္လဘ
အသင်းကြီး၏ (၃) ကြိမ်မြောက် ရဟန်းခံပွဲတွင် ဖတ်ကြားအပ်သော
ထုတိသြဘာ မင်္ဂလာရတုပိုဒ်စုံ ၅၀
၁၂။ ၁၇ နှစ်စေ့ရောက်၊ ၁၈ နှစ်မြောက် နှစ်လည် အထူး မဟာဒဂုန်မဂ္ဂဇင်းဘွဲ့
ထုတိသြဘာ မင်္ဂလာရတု ပိုဒ်စုံ ၅၁
၁၃။ ကျိုက်လတ်မြို့ အရှေ့အာရှတိုက် လူငယ်များ အစည်းအရုံးမှ
စစ်အောင်နိုင်ရေး ရန်ပုံငွေအတွက် ကပွဲကြီး ကပွဲ ဂီတ ကဗျာများ။
(က) သင်္ဘောသားများ၏ည ၅၂
(ခ) တူမြိုင် ဝူလိုက် ၅၃
(ဂ) ငွေလှိုင်းယဉ် ၅၃
(ဃ) ပေါ်နွေဦး ၅၄
(င) မိုးမခ မယ် ၅၄
(စ) မုန်တိုင်းကာ ထန် ၅၅
(ဆ) ရေသီတာ ၅၅
၁၄။ ရွှေပုပ္ပား ၅၆
၁၅။ မောင်ညွန့်ရီ - မတင်ညီတို့၏ လက်ထပ်ပွဲတွင် ဖတ်ကြားအပ်သော
(က) ထုတိသြဘာ မင်္ဂလာ ရတုပိုဒ်စုံ ၅၈
(ခ) ထုတိသြဘာ မင်္ဂလာ (၈၀) ပေါ်တေးထပ် ၅၉
၁၆။ သကျမဍ္ဍု ဘုရားတိုင်ရတု ၆၀
၁၇။ သပိတ်မှောက်ဘွဲ့ ထုတိသြဘာ ရှေးရေးလေးချိုးကြီး ၆၁

အလင်္ကာနှင့် အခြားကဗျာများ

၁၈။ အလင်္ကာ ၆၅
၁၉။ ဆိပ်ကမ်းသာ ၆၆
၂၀။ ပိတောက်ဝေဝေ ၆၇
၂၁။ သီချင်းရှင် ၆၉
၂၂။ လောကအမှန် ၇၁
၂၃။ တော်လှန်မှု ၇၄
၂၄။ ပီတိ ၇၅
၂၅။ ငွေလှေပေါ်မှ အနမ်း ၇၇
၂၆။ သဇင်နှစ်ခက် ၇၉
၂၇။ တော၏သမီး ၈၁
၂၈။ အမျိုးသားရေး ၈၂
၂၉။ မုန်တိုင်းထဲမှကဗျာ ၈၃
၃၀။ မတ်လတော်လှန်ရေး ၈၄
၃၁။ ပိတောက်ဦး ၈၇
၃၂။ ကြယ်နီ ၈၉

၃၃။ အရိယ်ဘုရားဖူး ၉၀
၃၄။ ထင်မိမှား ၉၂
၃၅။ ဤငွေကြယ် ၉၄
၃၆။ ရင်ထဲကနုန် ၉၅
၃၇။ လွတ်မြောက်ရေး ၉၇
၃၈။ လမ်းလျှောက်ရအောင်မေ ၉၉
၃၉။ မြူထဲမှ တီးတိုးသံ ၁၀၁
၄၀။ ဘာကများလဲ ၁၀၂
၄၁။ ပင်မရေစီး ၁၀၃
၄၂။ မိုးရေထဲ လမ်းလျှောက်ခြင်း ၁၀၄
၄၃။ တဟီတီသွားရအောင် ၁၀၅
၄၄။ ကြယ်ပြောက်ည ၁၀၇
၄၅။ ဤသီတင်းကျွတ် ၁၀၈
၄၆။ မြစ်အကွေ့ဝယ် ၁၀၉
၄၇။ အိပ်မပျော်သော ညတစ်ည ၁၁၀
၄၈။ ဤလမ်းကလေး ၁၁၂
၄၉။ နှင်းယွန်းပေမန် ၁၁၄
၅၀။ လွတ်လပ်ရေးသစ် ၁၁၅
၅၁။ မီးလောင်မြေ ၁၁၈
၅၂။ မုတ်သုံ၏ရန် ၁၂၀
၅၃။ ချိုမြူသို့ ပန်ကြားချက် ၁၂၂
၅၄။ ယဉ်ကျေးမှုနန်းတော်သို့ ၁၂၄
၅၅။ သန္တာရောင် ၁၂၇
၅၆။ ငြိမ်းချမ်းရေးဘက်တော်သား ၁၃၂
၅၇။ တောပိတောက် ၁၃၆
၅၈။ အမျိုးသား လွတ်လပ်ရေး လှုပ်ရှားမှု ၁၃၉
၅၉။ ကဗျာရှင်သို့ ၁၄၁
၆၀။ ကဆုန်လဝယ် ၁၄၃
၆၁။ ပီကင်းမှ မော်စကို ၁၄၅
၆၂။ လီနင်ဂူ ၁၄၇
၆၃။ ယမ်းငွေ့၊ သဇင်ပန်းနှင့် မဆုံးသောကဗျာ ၁၅၀
၆၄။ ကုက္ကိုပင်သက်သေ ၁၅၃
၆၅။ အိပ်မက်ထဲက မုန်းသူ ၁၅၆
၆၆။ နှစ်သစ်ပန်း ၁၅၈
၆၇။ စိမ်းလန်းသော ရွက်ကွေ့ဝေ ၁၆၀
၆၈။ ရုပ်တုဆရာ ၁၆၂
၆၉။ ဥက္ကလာပ ၁၆၃
၇၀။ စစ်မဲ့ကမ္ဘာ ၁၆၇
၇၁။ ပေဖူးလွှာ သဇင်သပေလိမ့် ၁၆၉
၇၂။ ရွှက်ကေရီ ၁၇၁
၇၃။ လူ့သမိုင်းနှင့် ဖောက်ပြန်ရေးသမား ၁၇၄
၇၄။ လက်ခုပ်သံနှင့် စိတ္တဇလင်္ကာဆရာ ၁၇၅
၇၅။ အသည်းငှားစမ်းပါမေ ၁၇၇
၇၆။ ကြီးကျယ်သော ပွဲတင်သံ ၁၇၉
၇၇။ စစ်ပွဲဖြစ်သောည ၁၈၁
၇၈။ ကျဆုံးလေပြီးသော ပန်းပွင့်များ ၁၈၃
၇၉။ သံသယနှစ်ကာလ သို့မဟုတ် သက်လေးဆယ်၏ နိုင်ငံရေးသမ္မာကျမ်းစာ ၁၈၄

နောက်ဆက်တွဲ

၈၀။ စာပေတွင် ကဗျာ၏အခန်း ၁၉၅
၈၁။ သုတိသြဘာ မင်္ဂလာရတုပိုဒ်စုံ ၁၉၉

မာယာနှင့် အခြားကဗျာများ

၈၂။ မာယာ ၂၀၃
၈၃။ ဖွဲ့လိုသော ကဗျာတစ်ပုဒ် ၂၁၀
၈၄။ ငါ့နေရာ ၂၁၂
၈၅။ နေ့ရက်၏ တစ်ညနေ၌ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ခြင်း ၂၁၄
၈၆။ မြောက်အိပ်မက် တစ်ရေးနိုးစ ၂၁၇
၈၇။ ငွေလရောင်ထဲမှ သစ်ခွပန်း ၂၁၉
၈၈။ နမဘာယ့်နယ်ရှိုစ ၂၂၀
၈၉။ သံတိုင်ကြားမှ ၂၂၃
၉၀။ အိုဘယ့်သုခမိန် အသို့နည်း ၂၂၆
၉၁။ ပန်းနုရောင်အို ၂၂၈

၉၂။ မဇုရား၏ နောက်ဆုံးနေ ၂၂၉
၉၃။ မောင်ခံစားချက် ၂၃၁
၉၄။ နင်းဆီထုံသောည ၂၃၂
၉၅။ ရေဆင်းကြွက်နှင့်မြတိုက် ၂၃၆
၉၆။ နင်းခဲပန်း ၂၃၈
၉၇။ သူမ၏ဂူသင်္ချိုင်း၌ ၂၃၉
၉၈။ မိမိရွာကို ဖြတ်သန်းခြင်း ၂၄၁
၉၉။ ကောက်သစ်ပေါ်ချိန် ၂၄၄
၁၀၀။ သဲနှင့် သစ္စာ ၂၄၅
၁၀၁။ ရေပြောင်းထဲမှ ရုပ်အလောင်း ၂၄၇
၁၀၂။ စုတင်အမှတ် - ၃၊ ၁၉၆၈ ၂၄၉
၁၀၃။ ဆယ့်တစ်ရာစုတခွေ၏ဆုံးမခန်း ၂၅၁
၁၀၄။ အမှောင်ထဲမှ ခြေသံများ ၂၅၆
၁၀၅။ ဆူးလေလမ်းလယ်၌ ခြေသံ့လမ်းလျှောက်ခြင်း ၂၅၈
၁၀၆။ မီးအိမ်မဲ့ည ၂၆၁
၁၀၇။ ရင်ခုန်သံ ရတုသဘင် ၂၆၂
၁၀၈။ လူ့ဘဝအဘိဓမ္မာ ၂၆၄
၁၀၉။ ခံစားမှုနှင့် ကွန်ပျူတာလူ ၂၆၇
၁၁၀။ နေ့ရက်တွင် သာမိုင်းခမ်းသို့ ဆုတ်ခွာခြင်း ၂၆၉
၁၁၁။ ခဲပွင့်၏ ဆုံးမခန်း ၂၇၄
၁၁၂။ မိခင်ရုပ်တု ၂၇၆
၁၁၃။ မှန်းမှ ကယ်လီဖိုးနီးယားသို့ ၂၇၈
၁၁၄။ တို့ဗမာအစည်းအရုံးဘွဲ့ မဟာကဗျာလေးချိုးကြီး ၂၈၅
၁၁၅။ မိမိကိုယ်ကို မဲဇာသို့ပို့ခြင်း ၂၈၉
၁၁၆။ စိတ္တဇနေ့ရက်များ ၂၉၂
၁၁၇။ သော်ကနီမှ နေကြာပန်းဝါသို့ ၂၉၄
၁၁၈။ လွတ်ငြိမ်းခွင့် ၂၉၆
၁၁၉။ နေဦး ၂၉၈
၁၂၀။ နေထွက်ချိန် ၃၀၀
၁၂၁။ ပိတောက်နေ ၃၀၄
၁၂၂။ တခွေ ၃၀၀
၁၂၃။ နင်းခဲပျော်ချိန် ၃၀၂
၁၂၄။ ချယ်ရီကို မြူမြင်ရခြင်း ၃၁၅
၁၂၅။ လွတ်လပ်ရေးပွဲပြီး နောက်တစ်နေ့ ၃၁၇
၁၂၆။ ပင့်ကူ၏ ရွှေရောင်ပိုးမျှင် ၃၂၂
၁၂၇။ ပိတောက်အမှတ်တရ ၃၂၅
၁၂၈။ ပိတောက်တစ်လှည့် စိန်ပန်းတစ်လှည့် ၃၂၈
၁၂၉။ ကန္တာရနှင်းဆီ ၃၃၃
၁၃၀။ မဟူရာနေကြာပွင့် ၃၄၀

ကလောချောင်းဘေးမှာနှင့် အခြားကဗျာများ

၁၃၁။ ကလောချောင်းဘေးမှာ ၃၄၅
၁၃၂။ မျိုးဆက် နှင်းဆီပွင့် ၃၄၈
၁၃၃။ လနတ်သမီးနှင့် စက်ကိရိယာ ၃၅၀
၁၃၄။ ကြယ်ကြွေသော ည ၃၅၂
၁၃၅။ ဥဿာရိုးမ ငမိုးရိပ်ပြာသို့ ၃၅၄
၁၃၆။ စိန်ကတ္တီပါ ရိပ်မြုံ ၃၆၀
၁၃၇။ ဝိုးတဝါး နေ့ဦး ၃၆၁
၁၃၈။ နေ့ဦးဘာယ ၃၆၃
၁၃၉။ ဇာတိရန် ၃၆၅
၁၄၀။ အာရုံမှား ရုပ်ပုံများ ၃၆၉
၁၄၁။ ဒိုင်နိုဆောနှင့် ပန်းလိပ်ပြာ ၃၇၁
၁၄၂။ ပန်းကြာဝတ်မှုန် မှုန်းတည့်ည ၃၇၄
၁၄၃။ နေ့ဦး ဝါဝါပြာပြာ ၃၇၆
၁၄၄။ ရှမ်းမြို့တစ်မြို့၏ ဈေးကထိန်ပွဲ ၃၇၈
၁၄၅။ ယစ်ပူဇော်ပွဲ ၃၈၀

ပန်းပွင့်နိုင်ငံတော် ကဗျာစုသစ်

၁၄၆။ ပန်းပွင့်နိုင်ငံတော် ၃၈၃
၁၄၇။ ၁၉၃၈ ဒီဇင်ဘာလအရေးတော်ပုံ ၃၈၄
၁၄၈။ ကျွန်ုပ်၏ ချစ်လှစွာသော သာဂရငစိုးနှင့် ဇနီးသို့ ၃၈၅
၁၄၉။ ကြင်သက်ဝေ ၃၈၇
၁၅၀။ ပွင့်ရွှေလျှံ ၃၈၈

၁။ နေဦး ၃၈၉
၂။ ချယ်ရီနီလော တိမ်ပြာလော ၃၉၀
၃။ မောင်အနမ်း ၃၉၁
၄။ ဖူးသစ်ဆင်၍ ၃၉၂
၅။ မင်္ဂလာ ၃၉၃
၆။ ငန်းဖြူကန် ၃၉၄
၇။ ရေရွှတ်စို ကြာပန်းသို့ ၃၉၆
၈။ နွေလယ်တေးသံ ၃၉၇
၉။ နှင်းယွန်းနေဦး ၃၉၈
၀။ မြေသင်းရနံ့ ၃၉၉
၁။ ကံ့ကော်ပြဿနာ ၄၀၀
၂။ အသုဘ ၄၀၂
၃။ ကျွန်တော်တိုင်းပြည်အချစ်ဆုံး ၄၀၄
၄။ ရေအလျဉ် ၄၀၅
၅။ လှိုင် ၄၀၉
၆။ တောင်မှ မြစ်၊ မြစ်မှ ပင်လယ်သို့ ၄၁၀
၇။ ဝါးပင်ကြားမှ နေဝန်းနီ ၄၁၂
၈။ မတ်လခံစားမှု ၄၁၃
၉။ မွေးနေ့လက်ဆောင် ၄၁၅
၀။ မဟူရာလမ်း ၄၁၇
၁။ မွေးနေ့ကဗျာ ၄၁၈
၂။ ငရဲဘုံကို တွေ့ရှိခြင်း ၄၂၀
၃။ စိမ်းမျှင်ရွက်ချွန် ထင်းရှူးကလော ၄၂၂
၄။ ရနံ့ ၄၂၄
၅။ သတ်၍ မသေသောသင် ၄၂၅
၆။ အချစ်နှင့်အမုန်း ၄၂၆
၇။ ကိုယ့်ဘဝကိုယ့်အလှ ၄၂၈
၈။ ငြိမ်းချမ်းရေးသင်္ကေတ ၄၃၀
၉။ စက်ရုံကျေးလက် ၄၃၁
၀။ စက်ရုံကျေးလက်၏ မုတ်သုံရေး ၄၃၅
၁။ ကဗျာဆရာစိန်ခေါ်ခံရခြင်း ၄၃၇
၂။ ကိုတက်တိုး + မနုယဉ်သို့ ၄၃၉
၁၈၃။ ငါ၏ စိတ်ကူးသမိုင်းဝေဒ ပန္နလက်ပြိုးပြက် ၄၄၀
၁၈၄။ တောကြီးမျက်မည်းထဲတွင် ဓားပြတိုက်ခံရခြင်း ၄၄၂
၁၈၅။ ယာမကာဝေဒ ၄၄၄
၁၈၆။ နေမဲ့ လမဲ့ ကြယ်မဲ့ စံအိမ်တော် ၄၄၇
၁၈၇။ သာမိုင်းခမ်းမှ ပန်းကြာဝတ်မှုန်သို့ ၄၄၉
၁၈၈။ ပတ္တမြားနှစ် ၄၅၃
၁၈၉။ သာမိုင်းခမ်း အာဂန္တု၏ မြို့ပြခံစားမှု ၄၅၅
၁၉၀။ စိမ်းပြက်ဖြူလွှ မြူခနှင့် မိတ်ဆက်ခြင်း ၄၅၈
၁၉၁။ ရှမ်းမြို့တစ်မြို့၏ ပွဲနေ့တစ်နေ့ ၄၅၉
၁၉၂။ ပန်းနရောင်နှစ်ကာလများ ၄၆၁
၁၉၃။ မွှေးမြစိမ်းသစ်လရောင် ၄၆၃
၁၉၄။ နှင်းဆီနီမွှေး ၄၆၅
၁၉၅။ ရနံ့သစ်၊ အသံသစ် ၄၆၆
၁၉၆။ မဟူရာည ၄၆၈
၁၉၇။ ရနံ့ဦး ၄၆၉
၁၉၈။ ခေတ်ပေါ်ပိတောက်ပွင့်သစ်သို့ ၄၇၀
၁၉၉။ ငြိမ်းချမ်းရေး ၄၇၁
၂၀၀။ မဟာသခင်ကိုယ်တော်မှိုင်း ၄၇၂
၂၀၁။ ဒဿနနှစ်ခု တိုးတိုက်မိခြင်း ၄၇၄
၂၀၂။ မေတ္တာ၏အပွင့် ၄၇၆
၂၀၃။ ချောက်အိပ်မက်ပေလော ၄၇၇
၂၀၄။ ဂရောစ်လင်းမှုကြိုကလေးများ ၄၇၈
၂၀၅။ ဓန်းမော်တင်အောင် ၄၇၉
၂၀၆။ ၉၀ ပြည့်မွေးနေ့ ဆုတောင်း ၄၈၁
၂၀၇။ နှာရည်ဗိုရွှဲ့ သည်နှစ်ပါပဲ ၄၈၂
၂၀၈။ မင်္ဂလာလက်ဖွဲ့ကဗျာ ၄၈၄
၂၀၉။ ဦးလေးဒဂုန်တာရာရဲ့ လက်ဖွဲ့ကဗျာ ၄၈၅
၂၁၀။ ထလော့ မြစ်မင်းရော ၄၈၆
၂၁၁။ ကိုပညာ (အမရပူရ) ၏ မွေးနေ့ ဝိတတပူဇာ ၄၈၇
၂၁၂။ ဒေါ်အောင်ဆန်းစုကြည်၏ ကမ္ဘာ့ဇနီးစဉ်အတွက် သဝဏ်လွှာ ၄၈၈
၂၁၃။ ရဋ္ဌပတိရုပ်ပုံလွှာ ၄၈၉
၂၁၄။ မွေးနေ့သဝဏ် ၄၉၀

၁၅။ တမာပွင့်မှ ဒပ်ဖေဒယ်သို့ ၄၉၁
၁၆။ ဒဂုန်တာရာ၏ မေတ္တာရေစင် ၄၉၂

ခေမာသီရိအတွက် မွေးနေ့လက်ဆောင်ကဗျာများ

၁၇။ ခေမာသီရိအတွက် ၄၉၅
၁၈။ ခေမာသီရိအတွက် အဘိုး၏မွေးနေ့လက်ဆောင်ကဗျာများ ၄၉၇
၁၉။ ခေမာသီရိ အသက် ၁၁ နှစ် မွေးနေ့သို့ ၄၉၈
၂၀။ ခေမာသီရိ အသက် ၁၂ နှစ် မွေးနေ့သို့ ၄၉၉
၂၁။ ခေမာသီရိ အသက် ၁၃ နှစ် မွေးနေ့သို့ ၅၀၁
၂၂။ ခေမာသီရိ အသက် ၁၄ နှစ် မွေးနေ့သို့ ၅၀၂
၂၃။ ခေမာသီရိ အသက် ၁၆ နှစ် မွေးနေ့သို့ ၅၀၃
၂၄။ ခေမာသီရိ အသက် ၁၇ နှစ် မွေးနေ့သို့ ၅၀၅
၂၅။ ခေမာသီရိ အသက် ၁၈ နှစ် မွေးနေ့သို့ ၅၀၆
၂၆။ ခေမာသီရိ အသက် ၁၉ နှစ် မွေးနေ့သို့ ၅၀၇
၂၇။ ခေမာသီရိ အသက် ၂၀ နှစ် မွေးနေ့သို့ ၅၀၉
၂၈။ ခေမာသီရိ အသက် ၂၁ နှစ် မွေးနေ့သို့ ၅၁၁
၂၉။ ခေမာသီရိ အသက် ၂၂ နှစ် မွေးနေ့သို့ ၅၁၃
၃၀။ ခေမာသီရိ အသက် ၂၃ နှစ် မွေးနေ့သို့ ၅၁၄
၃၁။ ခေမာသီရိ အသက် ၂၄ နှစ် မွေးနေ့သို့ ၅၁၆
၃၂။ ခေမာသီရိ အသက် ၂၅ နှစ် မွေးနေ့သို့ ၅၁၇
၃၃။ ခေမာသီရိ အသက် ၂၆ နှစ် မွေးနေ့သို့ ၅၁၉

သီချင်း

၃၄။ နွေနှောင်းဝသန် ၅၂၃

နိုင်ငံတကာကဗျာများ

- နိုင်ငံတကာကဗျာ ၅၂၇
- ပြည်သူ့အလံတော်၊ တပ်နီဂျာနယ် (၁၉၄၆) မှ ၅၂၈
၃၅။ ပြည်သူ့အလံတော် ၅၂၉
၃၆။ လမ်းခွဲ ၅၃၃
၃၇။ မိုးနှောင်း ၅၃၄
၂၃၈။ ညနေခင်းကြာပွင့် ၅၃၅
၂၃၉။ လူ့ဘဝသို့ ငေးစိုက်ခြင်း ၅၃၆
၂၄၀။ နှင်း ၅၃၇
၂၄၁။ သက်တံရောင်တံတား ၅၃၈
၂၄၂။ အသာကြွလှဲ့ပါနွေဦးရယ် ၅၃၉
၂၄၃။ လှေငယ်ရှင် ၅၄၀
၂၄၄။ သူတောင်းစား ၅၄၃
- ရုရှားစာဆို - တားဂီးနီး ၅၄၄
၂၄၅။ ပန်းခြံအတွင်း၌ ကျဆုံးသူများ ၅၄၇
၂၄၆။ ငန်းခွင်ကအပြန် ၅၅၀
၂၄၇။ ချစ်ကြည်ရေးပုံပြင်တစ်ခု ၅၅၁
၂၄၈။ လှပသော ပန်းကလေးများ ၅၅၄
၂၄၉။ ငွေပင်လယ် ၅၅၅
၂၅၀။ မှိုပွင့်တေးသံ ၅၅၆
၂၅၁။ မောင်းထောင်းသံနှာခံရင်း ၅၅၇
၂၅၂။ ထောင်ဖော်အကျဉ်းသားဝါးပုလွေသံ ၅၅၈
၂၅၃။ အိပ်မပျော်သောည ၅၅၉

တဂိုးကဗျာများ

၂၅၄။ ငှက်ကလေးနှစ်ကောင် ၅၆၃
၂၅၅။ အတိတ်မှချစ်သူ ၅၆၅
၂၅၆။ အိုအလှငဲ့ ၅၆၆
၂၅၇။ ဥယျာဉ်မှူး ၅၆၇
၂၅၈။ သစ်သီးခူး ၅၆၈
၂၅၉။ မြေတော်ရင်းဝယ် ၅၇၀

ဒဂုန်တာရာ

- ဒဂုန်တာရာ၏ သတ္တုရာစ်မှတ်တမ်း ၅၇၂
- ဒဂုန်တာရာ၏ ကလောင်ခွဲအမည်များ ၅၇၅
- ကဗျာများရေးသားရာတွင် သီးသန့် အသုံးပြုခဲ့သော ကလောင်ခွဲအမည်များ ၅၇၆
- ဒဂုန်တာရာ၏ စာပေလက်ရာများ ၅၇၇

ကဗျာပေါင်းချုပ်နှင့်သမိုင်းခေတ်

(က)

ကျွန်တော် စာပေသက်တမ်း ၇၀ ကျော်လာသောအခါ ကဗျာပေါင်းချုပ် စာအုပ်ထွက်လာသည်။ ကျွန်တော်က ကဗျာပေါင်းချုပ်၊ ဝတ္ထုတိုပေါင်းချုပ်စာအုပ်များသည် သူ၏ စာပေသမိုင်းများ စိုက်ထူခြင်းဟု နားလည်ခံစားသည်။

၁၉၃၄ က ကျွန်တော်၏ စာများကို (စာပုံနှိပ်စက်တစ်လုံးဖြင့် ထွက်သော ကဗျာတစ်ပုဒ်နှင့် ဝတ္ထုတစ်ပုဒ်ကို) ဒဂုန်မဂ္ဂဇင်းနှင့် တက္ကသိုလ်သိပ္ပံမဂ္ဂဇင်းတွင် ပါရှိခဲ့သည်။ ဒဂုန်မဂ္ဂဇင်း ကဝိပေါင်းချုပ်တွင် 'ဒေါင်းမင့်သီဟာ၊ မောင်းဆင့်ညီလာ၊ သောင်းခွင့်ဒီပါရှိသော ထုတိသြဘာ မင်္ဂလာရတုပိုဒ်စုံ 'ချီရတု' ကို "မြင်သဇင် တိုင်းရင်းသားတန်းမြင့်ကျောင်း" ဟူသော ကလောင်အမည်ဖြင့် ဖော်ပြသည်။

ထိုနှစ်မှာပင် တက္ကသိုလ်သိပ္ပံမဂ္ဂဇင်းတွင် အိတ်ဂျီဝဲ၏ တောတွင်းမှ ရတနာအမည်ရှိ ကျောင်းသုံးစာအုပ်မှ ဝတ္ထုတိုတစ်ပုဒ်ကို မှီး၍ မှန်ပြာရီ အမည်ဖြင့် ပါရှိလာသည်။ ယင်းသည် ကျွန်တော်၏ စာပေဘဝအတွက် စတင် စိုက်ထူလိုက်သော မှတ်တိုင်များဖြစ်သည်။ ယင်းသို့ဖြင့် စာပေလောကက အသိအမှတ်ပြုသော မှတ်တိုင်ဟု ဆိုလိုသည်မဟုတ်။ ကျွန်တော်၏ ဘဝ၊ ကျွန်တော်၏ စာပေဘဝအတွက် မှတ်တိုင်စိုက်ထူလိုက်ခြင်းဟု ကျွန်တော်က သတ်မှတ်သည်။ မှတ်တိုင်ဟု စာရေးသူကိုယ်တိုင်က သတ်မှတ်၍မရ။ သူ၏ စာဖတ်ပရိသတ်ပြည်သူကသာလျှင် သတ်မှတ်နိုင်သည်ဟု ကျွန်တော် နားလည်သည်။

ထို့နောက် ၁၉၆၂ တွင် အလင်္ကာအမည်ဖြင့် ကဗျာပေါင်းချုပ် ထုတ်ဝေခဲ့သည်။ ထို့နောက် မာယာအမည်ဖြင့် ကဗျာပေါင်းချုပ် ထွက်လာသည်။ ၁၉၆၉ တွင် ဝတ္ထုတိုပေါင်းချုပ် ပုဂံစာအုပ်တိုက်မှ ထွက်လာသည်။ ယင်းဝတ္ထုတိုပေါင်းချုပ်တန်ဖိုးမှာ ၅ ကျပ်ဖြစ်သည်။ ထို့နောက် ၁၉၉၃ တွင် ကြယ်ရိပ်ပန်းနုအမည်ဖြင့် ဝတ္ထုတိုပေါင်းချုပ် ထွက်လာသည်။ ဝတ္ထုတိုပေါင်း ၃၄ ပုဒ်။ ဒုတိယအကြိမ်ထုတ် ၁၉၉၃ တွင် ထပ်မံ ရိုက်နှိပ်သည်။ ယင်းတို့သည် ကျွန်တော်၏ စာပေဘဝတွင် ရသစာပေစာအုပ်များ ထုတ်ဝေခြင်းမှတ်တိုင်များ ဖြစ်သည်။ အခြားရသစာပေ မဟုတ်သော စာပေဝေဖန်ရေး၊ အကဲဖြတ်ရေးစာအုပ်များလည်း ထွက်သေးသည်။

၁၉၆၇ က စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှုစာအုပ်၊ ၁၉၇၂ က စာလုံးဆေးစက်ဆောင်းကြိုးနှင့် ကတ္တီပါကားလိပ်၊ ၁၉၇၄ က သဇင်သင်းပြန်တော့၊ ၁၉၇၅ က အယ်ဒီတာစားပွဲ၊ အနုပညာစာပေဝေဖန်ရေးနှင့် ပန်းနုရောင်အို စာအုပ်များထွက်လာခဲ့သည်။ အခြားခရီးသွားစာပေဆိုင်ရာ စာအုပ်များမှာ ၁၉၅၁–ဂန္ဓလရာဇ်၊ ၁၉၆၈–ဇရာဝတီ ယန်စီဇော်လဂါ စာအုပ်များလည်း ထွက်ခဲ့သည်။

အတ္ထုပ္ပတ္တိစာပေဆိုင်ရာတွင် ၁၉၅၁ က ဒဂုန်တာရာ၏ ဒဂုန်တာရာ၊ ၁၉၅၅ က ရုပ်ပုံလွှာစာအုပ်၊ ၁၉၉၅ က ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာကားချပ်များ စာအုပ်များထွက်ခဲ့သည်။ နိုင်ငံရေးရာ ဝေဖန်ချက်စာအုပ်များကိုတော့ စီစဉ်ထားပြီးသော်လည်း မထွက်ဖြစ်သေး။

၁၉၉၆ က "စာပေစစ်တမ်း" ဗညားသီဟကလောင်ဖြင့် စာအုပ်ထွက်ခဲ့သည်။ ၂၀၀၃ က အလှဗေဒ (၁)၊ ၂၀၀၄ အလှဗေဒ (၂) များ ထုတ်ဝေခဲ့သည်။

(ခ)

ယခုထုတ်ဝေလိုက်သော ကဗျာပေါင်းချုပ်စာအုပ်ထဲတွင် ကျွန်တော် ရေးသားခဲ့သော ကဗျာများအားလုံး ပါဝင်သည်ဟု မပြောနိုင်ပေ။ အကြောင်းကြောင်းတို့ကြောင့်လည်း ဖြစ်မည်။ မပါဝင်ခဲ့ပေ။ ဥပမာ–ကျွန်တော် မှတ်မိသလောက် ဧယျာသျှန္တိ၊ ရွှေစာဂမ္ဘိ၊ ငွေလွှာစန္ဒီရတုပိုဒ်စုံ မတွေ့ရပေ။ ထုတ်ဝေသူတို့ကလည်း တတ်စွမ်းသမျှ ရှာကြသော်လည်း နှစ်ကြာလာသောအခါ ရှာမတွေ့လည်း ဖြစ်နိုင်သည်ဟု နားလည်ရသည်။

ဆယ်ကျော်သက်အရွယ်က ဖွဲ့ခဲ့သော ကဗျာလင်္ကာများ မပါဝင်သည်ကို သတိပြုမိလာသည်။ ငယ်စဉ်က ရေးခဲ့သော ရတုကဗျာများ ပါဝင်ရခြင်းမှာ ကျွန်တော်၏ ကဗျာအတွေ့အကြုံ၊ ကဗျာဖြစ်ပေါ်ဖွံ့ဖြိုးမှု အတွေ့အကြုံများကို စာရေးသက် ၇၀ ကျော်သောအခါ စာဖတ်ပရိသတ်တို့ သိစေချင်သောကြောင့် အကဲဖြတ်နိုင်ရန် ဖြစ်သည်။ အခန်းခွဲရာ၌ကား ထုတ်ဝေသူတို့၏ စိတ်ကူးဖြင့် ခွဲထားသည်။ ယင်းခွဲရသည့်သဘောတွင် ငယ်စဉ်က ကဗျာသာမဟုတ်၊ ဂျပန်ခေတ်က ရေးဖွဲ့ခဲ့သော၊ ယခုအခါ ကော်ပီဟုခေါ်ကြသော အင်္ဂလိပ်သံသီချင်းများလည်း ပါသည်။ သဘော်သားများ၏ ညဆိုသောသီချင်းဆိုလျှင် **Midnight Serenade** သီချင်းကို မြန်မာအသံသွင်းထားခြင်း ဖြစ်သည်။ တင်ဂိုဆိုင်းချက် ဖြစ်သည်။ ဝုဒ်ပက်ဂါဆောင်းမှ ပေါ်နွေဦးကို မြန်မာစာသားထည့်ထားခြင်းဖြစ်သည်။ ဆိုင်းချက်မှာ ရမ်းဘားဖြစ်သည်။ ငယ်စဉ်ကတော့ 'တောမြိုင်ခြေလမ်း' ယိုးဒယားသီချင်းအလိုက် 'တောစုံမြိုင်စမ်း' အမည်ရှိ သီချင်းတစ်ပုဒ် ရေးဖွဲ့ဖူးသည်။ ကျွန်တော် မမှတ်မိတော့၍ မပါနိုင်ပြီ။ မတတ်နိုင်။

၁၉၅၀ စာဆိုတော်နေ့က နတ်ရှင်နောင်ပြဇာတ် ကပြရာတွင် ဦးသုခဆိုသော 'နွေနှောင်းရက်ကျန်' ဆိုသော သီချင်းစာသားလည်း မပါတော့ပေ။ ယင်းသီချင်းစာသားမှာ

ရှင်နောင် သီဆိုရန်ဖြစ်သော စာသား၊ ကျွန်တော် ရေးထားသော ၃ ပုဒ်ထဲမှ တစ်ပုဒ်
သည်။ ယင်းသီချင်း ၃ ပုဒ်ကို နတ်ရှင်နောင်ရတုမှ စာသားများဖြင့် အဆင်ပြေသလို
ားခြင်း ဖြစ်သည်။ ပြည်သန်းနွယ်၊ ဂစ်တာဆရာ ဇဘောကြည်နှင့် ကိုစောငြိမ်းတို့
ွက် ရေးဖွဲ့ခဲ့သည်။

ကျွန်တော်က ကိုစောငြိမ်းအသံသွင်းသော နွေနှောင်းရက်ကျန်သီချင်းကို ရွေး
လိုက်သည်။ ကိုစောငြိမ်းက (B) ဖလက်အသံဖြင့် အသံသွင်းထားခြင်းဖြစ်၍ ဆန်း
နေကာ လူကြိုက်အတော်များကြသည်။ ကိုစောငြိမ်းကို ကျွန်တော် စစ်မဖြစ်မီကပင်
င်သိခဲ့သည်။ ထိုစဉ်က သူသည် ကိုညီညီ၏ ကာတွန်းရုပ်စုံဂျာနယ်တွင် ကာတွန်း
ရေးရင်း အလုပ်လုပ်သူ ဖြစ်သည်။ ထို့နောက် စစ်ပြီးသောအခါ ကိုညီညီဖခင်
ကလေး တည်ထောင်သော သမာဓိသတင်းစာတွင် ငွေကိုင်စာရေး လုပ်သည်။
တော်က သမာဓိသတင်းစာသို့ မကြာခဏရောက်ရာ ကိုစောငြိမ်း မယ်ဒလင်တစ်လုံးဖြင့်
နေသည်ကို တွေ့ရ၍ ကျေနပ်သွားခဲ့သည်။ ထို့ကြောင့် နတ်ရှင်နောင် ကပြသောအခါ
ို သတိရပြီး သီချင်းရေးရန် တိုက်တွန်းသည်ကို ယနေ့တိုင် သတိရနေသည်။

နွေနှောင်းရက်ကျန်သီချင်းမှာ နွေနှောင်းဝဿန်သီချင်းအမည်ဖြင့် ထင်ရှားသည်။
ားများမှာ နတ်ရှင်နောင်၏ စာသားများမှယူပြီး အနည်းငယ်သာ ကျွန်တော်၏
စာလုံးများသာ ပါသည်။ ယင်းကော်ပီသီချင်းများနှင့် ပတ်သက်၍ ကျွန်တော်
ရေးရန် စိတ်ရှိသော်လည်း ကျွန်တော် ရှမ်းပြည်ရောက်နေစဉ် စာအုပ်ထုတ်ဝေခြင်း
သည်။ ထို့ကြောင့် မှတ်စုမထည့်ဖြစ်တော့ပေ။

ကဗျာများအားလုံး ကဗျာပေါင်းချုပ်တွင် မပါဝင်နိုင်ခြင်းမှာလည်း ကဗျာ၏
များမှာ လစဉ်ထုတ်မဂ္ဂဇင်းများတွင် ပါဝင်၍ ကျွန်တော်သိမ်းမထားနိုင်ခြင်းကြောင့်
း ထုတ်ဝေသူကို အားလုံးပေးရန် ပျက်ကွက်ခဲ့ရသည်။ ထုတ်ဝေသူသည်လည်း
ကြိုးစားထည့်သွင်းထားသဖြင့် ကျေးဇူးတင်ရသေးသည်။

အခြားကဗျာပေါင်းချုပ်တွင် မပါဝင်ခဲ့သော ကဗျာဘာသာပြန် တစ်ပုဒ်လည်း
းသည်။

၁၉၄၆ က ဖြစ်မည်။ ကျွန်တော်သည် မြန်မာ့အလင်းတိုက်ရှေ့ရှိ စာအုပ်အဟောင်း
မှ လူထုသစ်ဂျာနယ်များ ရရှိသည်။ ယင်းဂျာနယ်ထဲတွင် ပါဘလိုနီရူဒါ၏ ကဗျာ
ာပြန်များ ဖတ်ရသည်။ မူရင်းမှာ စပိန်ဖြစ်၍ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသည်။
းကဗျာကို ထိုအခါက တပ်နီဂျာနယ် အယ်ဒီတာအဖွဲ့ဝင် ကိုဘုန်းညွန့် (ထိုအခါ
င်စိုးက သူ၏ အာဏာသစ်ဂျာနယ်တွင် လူပလီဘုန်းညွှန့်ဟု ပြောင်လှောင်ဝေဖန်ခြင်း
ူ) နီရူဒါ၏ **Death in the Square** ဟူသော ကဗျာကို ဘာသာပြန်ပေးရန် လာ
သည်။ ကျွန်တော်ကလည်း နီရူဒါ၏ ကဗျာကို ချက်ချင်းပင် ဘာသာပြန်ပေးလိုက်
။ တပ်နီဂျာနယ်တွင် ပါရှိသည်။ ထိုအခါက တပ်နီဂျာနယ် အယ်ဒီတာချုပ် ကိုလှမြိုင်နှင့် တစ်နှစ်ကတွေ့ရာ ကျွန်တော်၏ ဘာသာပြန်မူရင်းကို ပြန်ပေးရန်ပြောရာ သူမအား၍လားမသိ မပေးတော့။ ယင်းဘာသာပြန်ကိုပင် တာရာမဂ္ဂဇင်းတွင် ထည့်သွင်းသည်။ နာမည်က 'ပြည်သူ့အလံတော်' ဟု ပေးထားသည်။ ဘာသာပြန်သောအခါ အင်္ဂလိပ်ဘာသာဖြင့် ဘာသာပြန်ထားသောကဗျာကို ကျွန်တော်က စကားပြေဖြင့်သာ ဘာသာပြန်ခဲ့သည်။ တာရာမဂ္ဂဇင်းထဲတွင် ဘာသာပြန်ဖော်ပြခဲ့သည်မှာ အစအဆုံးမဟုတ်။ ယင်းအစအဆုံး ဘာသာပြန်ကို ကျွန်တော် ပြန်လည် ဖော်ပြချင်သည်။ အခြေအနေက မပေး၍ ကျွန်တော် မထည့်နိုင်တော့ပေ။

ယခုအခါ ကဗျာပုံသဏ္ဌာန်နှင့် ပတ်သက်၍ အငြင်းပွားနေသည်။ ကျွန်တော်က စကားပြေဖြင့်ရေးသော ကဗျာအမျိုးအစားကို စကားပြေကဗျာဟု အမည်ပေးဖူးသည်။

လွန်ခဲ့သော ၁၀ နှစ်ကျော်ခန့်က ဆိုလ်ဇင်နစ်ဇင်သည် ဝတ္ထုနှင့် စကားပြေကဗျာများ အမည်ဖြင့် သူ၏ဝတ္ထုတိုနှင့် စကားပြေကဗျာများကို ထုတ်ဝေသည်။ စကားပြေကဗျာခန်းတွင် ဥရောပ၏နည်းနာအတိုင်း တစ်ကြောင်းစီ ဒေါင်လိုက်မစီတော့ဘဲ စကားပြေကဲ့သို့ပင် တန်းလိုက်ဆက်၍ စီထားသည်ကို တွေ့ရသည်။ ယနေ့ခေတ်တွင် ခေတ်ပေါ်ကဗျာ၊ ခေတ်ပေါ်လွန်ကဗျာ၊ အနောက်နိုင်ငံမှလာသော ဝေါဟာရများဖြင့် ကဗျာရေးရာပြဿနာများ ငြင်းခုံနေကြသည်ကို သွား၍ သတိရမိသည်။ ယခု ကဗျာပေါင်းချုပ်တွင်ကား ကျွန်တော်၏ ကဗျာသက်တမ်းနှစ် ၇၀ အတွင်း အဆင့်ဆင့် ပြောင်းလဲလာခဲ့သောဖြစ်စဉ်ကိုလည်း လေ့လာနိုင်သည်။ ကျွန်တော်ကိုယ်တိုင်ပင် အတ္တဝေဖန်ရေးသဘောဖြင့် ပြန်လည် ဆင်ခြင်သုံးသပ်ခွင့် ရလာသည်။

ခေတ်ပေါ်စာပေတွင် ကဗျာကဏ္ဍတွင် တွေ့ရသော ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ကဗျာပေါင်းချုပ်၊ ဇော်ဂျီ၊ မင်းသုဝဏ်တို့၏ ကဗျာပေါင်းချုပ်များ ထွက်လာကြသဖြင့် သူတို့၏ ကဗျာများကို လေ့လာခွင့်ရခဲ့သည်။ အထူးသဖြင့် အကြောင်းအရာကိုကား သူတို့၏ သမိုင်းခေတ်ကို တုံ့ပြန်သော အတွေးအခေါ်များ၊ ထင်ဟပ်ချက်များ ပါဝင်နေသည်ကို ပြောစရာမလိုပေ။ သို့သော် ကဗျာပုံသဏ္ဌာန်များကို လေ့လာကြည့်သောအခါများစွာပြောင်းလဲခြင်းကို သိပ်မတွေ့ရတတ်ပေ။ ကျွန်တော်၏ ကဗျာပေါင်းချုပ်ကို လေ့လာကြည့်သောအခါ အဆင့်ဆင့် ပြောင်းလဲဖြစ်စဉ်များကိုကား ထင်ရှားစွာ တွေ့နိုင်သည်ဟု မိမိကိုယ်ကိုယ် အတ္တဝေဖန်ရေးလုပ်စရာ ဖြစ်လာရသည်။ ဘာကြောင့် ကဗျာပုံသဏ္ဌာန်တွင် ပြောင်းလဲရသနည်း။ ဘာကြောင့် သူတို့နှင့် မတူရသနည်း။ သည်မေးခွန်းကို ကျွန်တော် ကြိုးစား၍ ဖြေကြည့်ပါမည်။

(ဂ)

စာပေတစ်ရပ်သည် သူတို့ဖြတ်သန်းသော သမိုင်းခေတ်နှင့် သက်ဆိုင်သည်။ ဤသည်ကား ဒဿနရေးရာပြဿနာ ဟုဆိုလျှင် ရနိုင်သည်။ သခင်ကိုယ်တော်မှိုင်း၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ကြည်အေး။ စာပေလှုပ်ရှားမှု အနုပညာဖန်တီးမှု စသည်တို့သည် သူတို့ ဖြတ်သန်းသော သမိုင်းခေတ်အား တုံ့ပြန်ချက်များ ဖြစ်သည်။ ယင်းသဘောကို ကျွန်တော်က စာပေသည် နိုင်ငံရေး၏ လက်အောက်ခံဟူသော စကားလုံးဖြင့် တင်ပြခဲ့သည်မှာ ကြာပါပြီ။ ကျွန်တော်၏ သမိုင်းခေတ်များ အတွေ့အကြုံအရ ဤသို့ နားလည်သိရှိသည်။ ဒဿနဗေဒဆိုသည်ကား အမှန်တရားကို ရှာဖွေသော ပညာမှုတစ်ရပ်ပင် ဖြစ်သည်။ ထို့ကြောင့်ပင် လွန်ခဲ့သော အနှစ် ၃၀ ကျော်ကာလကပင် မုံရွာအောင်ရှင်နှင့် မောင်သာစိုးတို့၏ ကဗျာစာအုပ်အမှာတွင် ကာရန်မဲ့တာ မမဲ့တာထက် အဘိဓမ္မာမမဲ့ဖို့ အရေးကြီးသည်ဟု ဗညားနွဲ့နာမည်ဖြင့် ဖော်ပြခဲ့သည်။

ထိုအခါကတည်းက 'ကာရန်မဲ့' ဟု ယနေ့ခေါ်နေကြသော စကားပြေကဗျာများကို ပျံ့နှံ့နေကြသည်။ ယင်းကို နောက်ခံကားထား၍ ကျွန်တော်၏ ခံစားမှုကို ဖော်ပြလိုက်သည်။ တချို့ကလည်း ယင်းစကားရပ်၏ အဓိပ္ပာယ်ကို အကောက်အယူ ချော်ကြသည်။ လွဲကြသည်ကို တွေ့ရသည်။

ထို့ကြောင့် မည်သည့်ခေတ်ပင် ဖြစ်စေ၊ ကဗျာပုံသဏ္ဌာန်တစ်ရပ်ကို သူ၏ စာဖတ်ပရိသတ်ကသာလျှင် ရွေးချယ်အတည်ပြုမြဲ ဖြစ်သည်။ ကြိုက်သူ မကြိုက်သူ၊ လက်ခံသူ၊ လက်မခံသူ ကွဲလွဲနိုင်သောကိစ္စ ဖြစ်သည်။ ကျွန်တော်ကျောင်းသားဘဝ ဆယ်ကျော်သက်က ရေးဖွဲ့ခဲ့သောကဗျာများ အကုန်လောက်နီးနီး ကဗျာပေါင်းချုပ်တွင် ပါရှိသည်။ ထိုအခါ ကျွန်တော်၏ ကဗျာပုံသဏ္ဌာန်ကို ငယ်စဉ်ကစ၍ ဖြစ်စဉ်အလိုက် ဝေဖန်သုံးသပ်၍ ရနိုင်သည်။ အလားတူပင် ခေတ်ပေါ်ကဗျာ၌ ထင်ရှားသော သခင်ကိုယ်တော်မှိုင်း၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ကြည်အေးတို့၏ ကဗျာများကို လေ့လာလျှင်လည်း ယင်းတို့၏ ကဗျာပုံသဏ္ဌာန်များကို ပြောင်းလဲသလော၊ မပြောင်းလဲသလော စသည်မှစ၍ တွေ့ရှိနိုင်သည်။

ကျွန်တော်သည် ကဗျာပေါင်းချုပ် ထုတ်ဝေလိုက်ခြင်းဖြင့် မိမိ၏ ကဗျာပုံသဏ္ဌာန် ပြောင်းလဲခြင်းမှစ၍ အတွေးအခေါ် ဒဿနပါ တွေ့နိုင်သည်။ ထို့ကြောင့် ကျွန်တော်က အတ္တဝေဖန်ရေးလုပ်ခြင်း ဖြစ်သည်ဟု ပြောနိုင်ပေသည်။

ရုပ်ရှင်တေးကဗျာရသစုံမဂ္ဂဇင်း
အတွဲ ၂၂ အမှတ် ၁ ဇန်နဝါရီ ၂၀၀၆